Success Story

Food and Agriculture Organization of the United Nations

# စံပြစိုက်ကွင်းကြည့်ပြီး လျှော်ဖြူစိုက်ဖြစ်သွားတဲ့ ကျောက်ပန်းတောင်းတောင်သူ


© FAO/soemoenaing

“လျှော်ဖြူစိုက်တာက ဝင်ငွေလည်းရတယ် သီးညှပ်လည်းစိုက်လို့ရတယ်လို့ ရွာထဲက သင်တန်းတက်တဲ့သူတွေက ပြောပြလို့သိရပါတယ်။ ဒါကြောင့် သင်တန်းမတက်ဖြစ်ပေမဲ့ စမ်းကြည့်မယ်ဆိုပြီး စိုက်ကြည့်ဖြစ်တာပါ။” လို့ ကျောက်ပန်းတောင်းမြို့နယ် ဆင်တပ်ကျင်း ကျေးရွာမှ တောင်သူ ဒေါ်ငွေးငွေးနိုင်က ပြောပြပါတယ်။

မြန်မာနိုင်ငံ၏ ဦးစားပေးစိုက်ပျိုးရေးဂေဟစနစ်များတွင် ရေရှည်တည်တံ့သော စိုက်ပျိုးမြေနှင့် သစ်တော စီမံခန့်ခွဲမှုစီမံကိန်း (Sustainable Cropland and Forest Management in Priority Agro-ecosystems of Myanmar) နှင့် CESVI အဖွဲ့တို့မှပူပေါင်း၍ ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးရေးလယ်သမား သင်တန်းကျောင်းကို ကျောက်ပန်းတောင်းမြို့နယ်နှင့် ၅ မိုင်လောက် သာဝေးတဲ့ ဆင်တပ်ကျင်းကျေးရွာတွင် ၂၀၁၈ ခုနှစ်၌ သင်တန်းသား အယောက် ၃၀ ကို သင်တန်းပို့ချခဲ့ပါသည်။ သို့ရာတွင် ထိုသင်တန်းသား အယောက် ၃၀ တွင် ဒေါ်ငွေးငွေးနိုင် မပါဝင်ခဲ့ပါ။

စံပြတောင်သူ ဦးထွန်းကြိုင်၏ စိုက်ပျိုးထားသည့် စီမံကိန်း၏စံပြစိုက်ခင်းကိုကြည့်ပြီး စိတ်ဝင်စားတာကြောင့် သင်တန်းတက်ခဲ့ဖူးသူများကို တစ်စွန်းတစ်စ မေးစမ်းရင်း သီးညှပ်စိုက်ပျိုးခြင်းကို အထူးစိတ်ဝင်စားခဲ့ပါတယ်လို့ သိရပါတယ်။

“အရင်ကတော့ ရာသီဥတုနှင်လိုက်လျောညီထွေတဲ့ စိုက်ပျိုးရေးနဲ့ပတ်သက်ရင် ပဲခင်းစိုက် နှမ်းခင်း ထွန်ချိန်တန်ထွန် ကြောင်းဘယ်လိုဆွဲရမယ် ဆိုတာလောက်ကိုတော့ မိရိုးဖလာအနေနဲ့ သိရှိပါတယ်။ အခုတော့ မြေဖုံးတာတွေ၊ ထွန်းရေးမဲ့စိုက်ပျိုးတာတွေ၊ သဘာဝမြေသြဇာသုံးတာတွေနဲ့ သီးညှပ်စိုက်တာတွေသိလာတယ်။ လျှော်ဖြူစိုက်တာက အရိပ်အာဝသ လည်းကောင်းတယ် ရာသီဥတုအတွက်လည်းကောင်းတယ်၊ သီးညှပ်လည်းစိုက်လို့ရတာမို့ ပြီးခဲ့တဲ့ ဝါခေါင်က စစိုက်ဖြစ်တာပါ။” လို့ပြောကြားခဲ့ပါတယ်။ “လျှော်ဖြူကိုတစ်ခါမှ မစိုက်ဖူးဘူး။ သီးညှပ်တွေလည်း မစိုက်ဖူးဘူး။ ပဲစဉ်းငုံတောင်ခုမှ သေချာစိုက်ပျိုးတာ။ ပဲနှင့်နှမ်းပဲ အစိုက်များခဲ့ပါတယ်။” လို့လည်း ဒေါ်ဌေးဌေးနိုင်က ရှင်းပြပါတယ်။

မျိုးစေ့ကိုတော့ မုံရွာကဝယ်လာတဲ့ အခြားလယ်သမားတစ်ဦး ဆီကနေ ၄ ဗူး ကို စုစုပေါင်း ငွေတစ်သောင်းဖိုး ဝယ်ယူ၍ အစေ့ချခဲ့ပါတယ်။ ပေါက်ထိုးသမားခ၊ အလုပ်သမားခတွေအတွက် ၁သိန်းခွဲလောက်သုံးခဲ့တာဖြစ်ပါတယ်။ အနားတွင်ရှိနေသော အခြား လယ်သူတစ်ဦးမှလည်း “သူအခင်းက အရမ်းဖြစ်တာ အပင်တေသန်တယ်” လို့ အားရဝမ်းသာပြောပါတယ်။ သင်တန်းတက်ရောက်ခဲ့သော ရွာသားများဆီမှ မြေအစိုဓါတ်ထိန်းသိမ်းနည်းတွေ၊ သဘာဝမြေဆွေးလုပ်နည်းနှင့် ငါးအမိုင်နိုအက်စစ်လုပ်နည်းများကိုပါ သိရှိခဲ့ပြီး လက်တွေ့မှာလည်း သုံးဖြစ်တယ်လို့လည်း သိရပါတယ်။

လက်ရှိမှာတော့ ဒေါ်ဌေးဌေးနိုင်ဟာ လျှော်ဖြူကို မြေပဲနဲ့ သီးညှပ်စိုက်ထားသည်ကို တွေ့ရှိခဲ့ရပါသည်။ စိုက်ပျိုးချိန်မှာ ၁၀ လခန့်လောက်ရှိပြီဖြစ်ပြီး လျှော်ဖြူပင်စုစုပေါင်း ၃၀၀ လောက်ကို သီးညှပ်စနစ်ဖြင့် စိုက်ပျိုးထားပြီးဖြစ်ပါသည်။ ထိုအပြင် ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးရေးနည်းစနစ်များကို မိုပိုသိရှိလိုသောကြောင့် SLM စီမံကိန်းမှ ထပ်မံပို့ချနေသည့် လယ်သမားသင်တန်းကိုလည်း တက်ရောက်နေတယ်လို့သိရပါတယ်။

ဒေါ်ဌေးဌေးနိုင်ရဲ့စိုက်ခင်းအရေအသွေးကတော့ ပုံမှာမြင်ရတဲ့အတိုင်းပါပဲ။ မြေပဲနှင့် လျှော်ဖြူကို သီးညှပ်ပုံစံစိုက်ပျိုးထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ လျှော်ဖြူပင်မှ အကျိုးအမြတ်ကိုတော့ နောက်ထပ် ၃နှစ်လောက်စောင့်ပြီးမှ ဝင်ငွေရမည်ဖြစ်သော်လည်း စိုက်ပျိုးထားသည့် အခြားသော ရာသီ သီးနှံများမှ ဝင်ငွေကို ရရှိမည်ဖြစ်ပါသည်။ အချိန်ကြာလာသည်နှင့် အမျှ စိုက်ပျိုးထားသော ရာသီ သီးနှံသာမက လျှော်ဖြူပင်များမှပါ ဝင်ငွေရရှိမည်ဖြစ်ပါသည်။

**ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံး**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ရုံး၊ မျိုးစေ့ ရုံးဝင်းအတွင်း (စိုက်ပျိုးရေးဦးစီးဌာန)၊
အင်းစိန်လမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ရန်ကုန်မြို့။

01 641672 FAO-MM@fao.org

www.fao.org/myanmar

BY NC SA

© FAO, 2020
CA7780MY/1/02.20